အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) သည်

မကြာခဏ ဤဒုအာကို ရွတ်ဆိုတော်မူလေ့ရှိသည် - "အို-

စိတ်နှလုံးများကို လှည့်ပြောင်းတော်မူသောအရှင်၊

ကျွန်တော်မျိုး၏ စိတ်နှလုံးသားကို

အရှင်မြတ်၏ဒီန်သာသနာပေါ်၌ ခိုင်မြဲစွာထားတော်မူပါ

အနတ်စ်(ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) သည် မကြာခဏ ဤဒုအာကို
ရွတ်ဆိုတော်မူလေ့ရှိသည် - "အို-စိတ်နှလုံးများကို လှည့်ပြောင်းတော်မူသောအရှင်၊ကျွန်တော်မျိုး၏ စိတ်နှလုံးသားကို အရှင်မြတ်၏ဒီန်သာသနာပေါ်၌
ခိုင်မြဲစွာထားတော်မူပါ။ ထိုအခါ ကျွန်ုပ်က "အို- အလ္လာဟ်အရှင်မြတ်၏
ရစူလ်တမန်တော်၊ ကျွန်တော်မျိုးတို့သည် ကိုယ်တော့်ကို
အီမာန်သက်ဝင်ယုံကြည်ခဲ့ပြီး ကိုယ်တော်ယူဆောင်လာသော ဒီန်သာသနာကိုလည်း
သက်ဝင်ယုံကြည်ခဲ့ပါသည်။ သို့ပါလျက် ကိုယ်တော်သည်
ကျွန်တော်မျိုးတို့နှင့်ပတ်သက်၍ စိုးရိမ်တော်မူပါသလား" ဟု
လျှောက်ထားမေးမြန်းခဲ့သည်။ ထိုအခါ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) က
"ဟုတ်တယ် (ငါကိုယ်တော်အသင်တို့နှင့်ပတ်သတ်၍ စိုးရိမ်တော်မူသည်။) မုချဧကန်
စိတ်နှလုံးသားများသည် အလ္လာဟ်အရှင်မြတ်၏ လက်ချောင်းနှစ်ချောင်းကြားတွင်
ရှိတော်မူ၏။ အရှင်မြတ်သည် အလိုရှိတော်မူသလို ၎င်းတို့ကို လှည့်ပြောင်းတော်မူ၏"
ဟု မိန့်ကြားတော်မူသည်။ [صحيح] [رواه الترمذي وأحمد]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)သည် အလ္လာဟ်အရှင်မြတ်ထံတော်တွင်ဒီန်သာသနာနှင့် အမိန့်နာခံမှုအပေါ် ခိုင်မြဲစွာရပ်တည်နိုင်ရန်နှင့်လမ်းမှားရောက်ခြင်းမှ ကင်းဝေးရန် မကြာခဏ ဒုအာတောင်းခံတော်မူလေ့ရှိသည်။ အနတ်စ် ဗင်န်မာလိက်(ရဿွိယလ္လာဟုအန်ဟု) သည် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)၏ ဤဒုအာကိုမကြာခဏတောင်းခံခြင်းကို အံ့ဩခဲ့သည်။ ထို့ကြောင့် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)သည် လူသား ၏ စိတ်နှလုံးများသည် အလ္လာဟ်အရှင်မြတ်၏လက်ချောင်းနှစ်ချောင်းကြားတွင် ရှိကြောင်း၊ အရှင်မြတ်သည် အလိုတော်ရှိရာလှည့်ပြောင်းတော်မူကြောင်း ရှင်းလင်းမိန့်ကြားတော်မူခဲ့သည်။ စိတ်နှလုံးသည်အီမာန်ယုံကြည်မှုနှင့် ကုဖ်ရ်သွေဖည်ငြင်းဆန်မှု၏ ဗဟိုချက်ဖြစ်သည်။ စိတ်နှလုံးကို "ကလ်ဗ်" ဟု အမည်ပေးရခြင်းမှာ ၎င်း၏ လျင်မြန်စွာ ပြောင်းလဲတတ်သော သဘောသဘာဝကြောင့်ဖြစ်သည်။ စိတ်နှလုံးသည် (မီးဖိုပေါ်) ရှိ ဆူပွက်နေသော အိုးထက်ပင်လျှင်ပို၍ မတည်မငြိမ်ဖြစ်ကာ ပြောင်းလဲတတ်သည်။ သို့ဖြစ်ရာ အလ္လာဟ်အရှင်မြတ်သည်မိမိအလိုရှိသူ၏ စိတ်နှလုံးကို လမ်းမှန်ပေါ် ခိုင်မြဲစေတော်မူပြီး၊ အလိုရှိသူ၏

စိတ်နှလုံးကိုလမ်းမှားသို့လှည့်စေတော်မူသည်။

https://sunnah.global/hadeeth/my/show/3142

